# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

November 20, 2019 Volume 25, Number 12


**၂၀.၁၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၇၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၉၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၈/- ကျပ် |
| CBM Rate | = ၁၅၁၆.၄ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၇.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၃.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၅၅.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၉.၀ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၂.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၄၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၁၀၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၅၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၄.၃၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၂၃၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ယခုနှစ်ကုန်တွင် နိုင်ငံခြားသားများ ရန်ကုန်စတော့အိတ်ချိန်းတွင် ရင်းနှီးမြှုပ်နှံနိုင်တော့မည်




ယခုနှစ်ကုန်မှစတင်ကာ ရန်ကုန်စတော့အိတ်ချိန်းရှိ စာရင်းဝင်ကုမ္ပဏီများတွင် နိုင်ငံခြားသားများ စတော့ရှယ်ယာ ၃၅ ရာခိုင်နှုန်းအထိ ရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်း မှ Executive Senior Manager ဖြစ်သူ ဦးသက်ထွန်းဦး မှ ပြောသည်။ ရန်ကုန်စတော့ အိတ်ချိန်းရှိ စာရင်းဝင်ကုမ္ပဏီ ၅ခု ဖြစ်သော First Myanmar Investment (FMI) ၊ Myanmar Thilawa SEZ Holdings (MTSH)၊ မြန်မာနိုင်ငံသားများဘဏ် (MCB)၊ ပထမပုဂ္ဂလိကဘဏ် (FPB) နှင့် ဆက်သွယ်ရေးကုမ္ပဏီဖြစ်သော TMH Telecom တို့တွင် နိုင်ငံခြားသားများအနေဖြင့် စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာ ၃၅ ရာခိုင်နှုန်းကို ဒီဇင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်နိုင်တော့မှာဖြစ်သည်ဟုသိရသည်။ ရန်ကုန်စတော့ အိတ်ချိန်းမှာရှိတဲ့ စာရင်းဝင်ကုမ္ပဏီတွေမှာ နိုင်ငံခြားသားဝင်ရောက်ပြီး ရင်းနှီးမြှုပ်နှံနိုင်ဖို့ကို ၃၅ ရာခိုင်နှုန်းအထိ သတ်မှတ်နိုင်ဖို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ အခုအတွက် ငွေကြေး သက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင် (SECM) ကနေ အသိပေးညွှန်ကြားချက်တွေ ထွက်ထားပြီ။ နောက်ထပ် အသေးစိတ် လိုက်ရမယ့် ညွှန်ကြားချက်တွေကို စောင့်နေတာပါ။ နောက်ထပ်အတည်ပြု ညွှန်ကြားချက်တွေ ထွက်လာရင် ရန်ကုန်စတော့အိတ်ချိန်းနဲ့ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities) ၆ ခုက အဆင်သင့်ရှိနေပါပြီ။ ရန်ကုန်စတော့အိတ်ချိန်းဘက်ကလည်း နည်းပညာပိုင်းအရ အဆင်သင့်ဖြစ်နေပါပြီ။ ဒါပေမယ့် စာရင်းဝင် ကုမ္ပဏီ ၅ ခုဘက်က ရင်းနှီးမြှုပ်နှံမယ့် နိုင်ငံခြားသားကို ၃၅ ရာခိုင်နှုန်းပေးမလား ၊ ရာခိုင်နှုန်းဘယ်လောက် ပေးမလဲဆိုတာ သူတို့ဘက်ကဆုံးဖြတ်မှာပါ။ လက်ရှိစာရင်းဝင် ကုမ္ပဏီတွေဘက် ကလည်း ဆုံးဖြတ်ပြီးသား ကုမ္ပဏီတွေရှိသလို မဆုံးဖြတ်ရသေးတဲ့ ကုမ္ပဏီတွေ ရှိတယ်။

ဒါကြောင့် အားလုံးအဆင်သင့်ဖြစ်ပြီဆိုရင်တော့ နိုင်ငံခြားသားပါဝင်မှုကို လက်ခံဆောင်ရွက်ဖို့ အဆင်သင့်ရှိပါတယ်ဟု ရန်ကုန်စတော့အိတ်ချိန်း မှ Executive Senior Manager ဖြစ်သူ ဦးသက်ထွန်းဦးမှပြောသည်။

လက်ရှိ စတော့ဈေးကွက်တွင် စတော့ရှယ်ယာ ရောင်းဝယ်သူ စိတ်ဝင်စားမှု အများဆုံးအဖြစ် First Myanmar Investment (FMI) ၊ Myanmar Thilawa SEZ Holdings (MTSH) တို့က အဓိက ရှယ်ယာ အရောင်း အဝယ်ပြုလုပ်မှုများပြားလျက်ရှိပြီး ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်တစ်ခုလုံး အတိုင်းအတာအရ တစ်ရက်လျှင် ရှယ်ယာအရောင်းအဝယ် ပြုလုပ်မှု ပမာဏ ကျပ်သန်း ၉၀ မှ ၁၀၀ ကြား အတွင်းရှိသည်ဟု သိရသည်။ နိုင်ငံခြားသားများအနေဖြင့် ရန်ကုန်စတော့အိတ်ချိန်း၌ ပါဝင်နိုင်ရေးအတွက် ငွေကြေး သက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင် (SECM) မှ အသေးစိတ်လိုက်နာဆောင်ရွက်ရန် အချက်များထွက်ရှိရန်သာ ကျန်ရှိနေပြီး စတော့ရှယ်ယာ အရောင်းအဝယ်ပြုလုပ်နိုင်ရန် ဝန်ဆောင်မှုပေးမည့် ငွေချေးသက်သေခံ လက်မှတ် ကုမ္ပဏီများ အနေဖြင့် အဆင်သင့်အခြေအနေတွင် ရှိနေပြီ ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်စတော့အိတ်ချိန်း ဈေးကွက်စတင်ချိန်မှ လက်ရှိအချိန်အထိ ၃ နှစ်ခွဲကာလအတွင်း ရှယ်ယာ ရောင်းဝယ်မှု ပမာဏ ၁၃ ဒသမ၆၃ သန်း၊ ငွေတန်ဖိုးအားဖြင့် ကျပ်သန်း ၁၃၇ ဘီလျံ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ၂၀၂၀ ခုနှစ် အတွင်း၌လည်း ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင် ထောက်ပံ့ပို့ဆောင်ရေး ကုမ္ပဏီတစ်ခုအပါအဝင် ကုမ္ပဏီစုစုပေါင်း ၅ ခု ခန့်က ဝင်ရောက်လာနိုင်ရန် ပြင်ဆင်နေကြောင်းသိရသည်။

**Source:** http://www.mizzimaburmese.com/article/63109

## ကြံခုတ်ရာသီဖြစ်နေသော်လည်း သကြားစက်ရုံများ ကြံမဝယ်နိုင်ဖြစ်နေ



သကြားဈေးများကျခြင်းနှင့် လက်ကျန်များနေခြင်းတို့ကြောင့် ကြံခုတ်ရာသီဖြစ်သည့် နိုဝင်ဘာလလယ်အထိ သကြားစက်ရုံများမှာ ကြံဝယ်ယူမှု နောက်ကျနေကြောင်း ကြံတောင်သူများနှင့် သကြားစက်ရုံများထံမှ သိရသည်။ ပြည်တွင်း၌ သကြားစက်ရုံများအနက် တောင်သူများစိုက်ပျိုးထွက်ရှိသော ကြံကို အဝယ်ဈေးနှုန်း ဖွင့်လှစ်ထားသည့် စက်ရုံနှစ်ရုံသာရှိကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်လုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးဝင်းငွေးက မြန်မာတောင်သူကြီးများဂျာနယ်ကိုပြောသည်။

မြန်မာတစ်နိုင်ငံလုံးတွင် သကြားစက်ရုံအရေအတွက် ၂၃ လုံးရှိပြီး ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းရှိ နဝဒေးသကြား စက်ရုံသည်ကြံတစ်တန် ကျပ် ၄၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဂရိတ်ဝေါလ်စက်ရုံသည် ကြံတစ်တန် ကျပ် ၄၁၅၀၀ ဖြင့် လည်းကောင်းဝယ်ယူရန် ဈေးနှုန်းဖွင့်လှစ်ထားကြောင်းသိရသည်။ သကြားစက်တွေက ကြံဝယ်ယူမှု အရမ်းနောက်ကျနေပါတယ်။ သကြားဈေးက မကောင်းတော့ ကြိတ်ဝါးဖို့ အားမရှိကြတော့ ဈေးမဖွင့်သေးဘူး။ ကြံက မိုးခေါင်ထားတော့ ကြိတ်ဝါးချိန်မတန်သေးတာရယ်၊ ကုန်ထုတ် အဝင်အထွက်လမ်းတွေ မကောင်းသေးတာရယ်၊ သကြားဈေးကျတော့ စက်တွေမှာ သကြားလက်ကျန် ကျန်ရှိနေသေးတာရယ်၊ အဲဒီအချက်တွေကြောင့် နောက်ကျဝယ်ဖို့ဖြစ်နေတာပါဟု ၎င်းကပြောသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က ကြံတစ်တန်လျှင် အနိမ့်ဆုံးဝယ်ယူသောဈေးနှုန်းမှာ ကျပ် ၄၂၀၀၀ မှ ကျပ် ၄၇၀၀၀ အထိ ပေါက်ဈေးရှိခဲ့ကြောင်း၊ ကြံစိုက်ဧက ၄၄၀၀၀ ကျော် စိုက်ပျိုးခဲ့ရာ သကြားတန်ချိန် ငါးသိန်းကျော် ထုတ်လုပ်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်လုပ်ငန်းရှင်များအသင်းက ထုတ်ပြန်ထားသည်။ ယခုနှစ်တွင် ရာသီဥတုကြောင့် ကြံအထွက်နှုန်းကျဆင်းခဲ့သလို ကြံဈေးနှုန်းလည်းကျဆင်းခဲ့ကြောင်း ကသာမြို့နယ် အရှေ့ခြမ်း၊ ကျောက်ထုံးကြီးကျေးရွာက ကြံစိုက်တောင်သူ ဦးချိုတူးကပြောသည်။

ယခင်က ကြံတစ်ဧကစိုက်လျှင် တန်ချိန် ၃၀ ခန့် ထွက်ရှိခဲ့သော်လည်း ယခုနှစ်၌ ရာသီဥတုကြောင့် ၁၅ တန်ကျော်သာ ထွက်ရှိကြောင်း ကြံစိုက်တောင်သူများထံမှသိရသည်။ ကြံဝယ်ယူမှု နောက်ကျတော့ သွင်းအားစုတွေ အချိန်မီ၊ အချိန်ကိုက်

မထည့်နိုင်ဘူး။ တခြားစက်ရုံတွေဆို ဈေးတောင်မဖွင့်သေးဘူးဆိုတော့ ကျွန်တော်တို့က အသင့်အတင့်တော့ ဖြစ်နေသေးတယ်။ ဈေးဖွင့်တဲ့ စက်ရုံတွေက ကြံစရန်ရတော့ လည်ပတ်နိုင်သေးတယ်။ ဒီနှစ်က ၁၀ စုနှစ်အတွင်း တွက်ခြေမကိုက်ဆုံးနှစ်ပါ။ ရောင်းလို့ မဖြစ်လို့သာရောင်းနေရတာ။ စက်ရုံ (ဂရိတ်ဝေါလ်) မှာကလည်း သကြားတွေ မရောင်းရတော့ ဂိုဒေါင်အပြည့် ဖြစ်နေတယ်ဟု ၎င်းကပြောသည်။

ယခုနှစ်ကြံရာသီအစ စက်ရုံစတင်လည်ပတ်မှုမှာ ယခင်နှစ်ထက် ရက်အနည်းငယ်နောက်ကျကြောင်း၊ နိုဝင်ဘာ ၂၅ ရက်ဝန်းကျင်တွင် စတင်လည်ပတ်မည်ဖြစ်ကြောင်း၊ ယခုနှစ်ကြံရာသီ ကြိတ်ဝါးနိုင်မည့်တန်ချိန် ပြောရန်ခက်ခဲသေးသော်လည်း ၂၀၂၀ပြည့်နှစ် ဧပြီလကုန်အထိ ကြံကြိတ်ဝါးရန် စီစဉ်ထားကြောင်း ဂရိတ် ဝေါလ်သကြားစက်ရုံမှူး ဦးကျော်နိုင်က ပြောသည်။

ရာသီဥတုကြောင့် စက်ရုံကိုတင်ပို့တဲ့ ကြံစိုက်ကွင်းတွေ အထွက်နည်းတာလည်းပါတယ်ဟု ၎င်းကပြောသည်။ ပြည်တွင်း သကြားဈေးကွက်သို့ မြဝတီဒေသက သကြားမှောင်ခို တင်သွင်းမှုများစွာနှင့် ပြည်ပက သကြားဝယ်ယူ တင်သွင်းခွင့် မူဝါဒများကြောင့် ပြည်တွင်း ကြံ၊ သကြားဈေးကွက်ကို ထိခိုက်ပျက်စီးစေကြောင်း ကြံစိုက်တောင်သူများနှင့် သကြား လုပ်ငန်းရှင်များကပြောသည်။ ထို့ကြောင့် သကြားတင်သွင်းမှုနှင့်ပတ်သက်၍ အစိုးရထံတင်ပြထားကြောင်းသိရသည်။ ပြည်တွင်းဈေးကွက်၌ ပြီးခဲ့သည့်နှစ်က သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဝန်းကျင်ရှိသော်လည်း ယခုနှစ်တွင် သကြား တစ်ပိဿာလျှင် ကျပ် ၉၁၀ မှ ကျပ် ၉၄၀ ဝန်းကျင်သာ ပေါက်ဈေးရှိကြောင်းသိရသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

http://htwettoe.com/article-details/news/8286704

## ကယားရိုးရာ လက်မှုပစ္စည်းနှင့်ဈေးရောင်းပွဲတော် လွိုင်ကော်တွင်ကျင်းပ

ကယားပြည်နယ်ရှိ တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ လက်မှုထုတ်လုပ်ကုန်ပစ္စည်း ဈေးရောင်းပွဲတော်ကို လွိုင်ကော်မြို့ ပြည်သူ့လွှတ်တော်ဝန်းထဲက ပြည်သူ့ဟာစ်တိုင်ကွင်းမှာ ကျင်းပနေပါတယ်။ ဒီဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ၃ ရက်တိုင်တိုင်ကျ ကျင်းပမှာဖြစ်ပြီး ရိုးရာလက်မှုပညာကိုအားပေးမြှင့်တင်နိုင်ဖို့နဲ့ လက်မှုထုတ်ပစ္စည်းတွေကို ဈေးကွက်နဲ့ချိတ်ဆက်နိုင်အောင် ရည်ရွယ်ပြုလုပ်တာလို့ ကယားပြည်နယ်လက်မှုစီးပွားတာဝန်ခံ ဦးသုအောင်ခိုင်က ပြောပါတယ်။ ကျနော်တို့ ဒီဒေသမှာ လက်မှုလုပ်တာ အများကြီးတတ်တယ်။ ကျနော်တို့မှာ တိုင်းရင်းသားလူမျိုးစု ၉ မျိုးရှိတယ်။ ဒီ ၉ မျိုးမှာ သူ့လက်မှုပညာဂျက်ခုတ်တာ၊ သူ့အရောင်တွေ၊ သူလုပ်ထားတဲ့ဟာတွေက တစုကိုတမျိုးမျိုး ဖြစ်တယ်။ အရမ်းကို လှပတယ်ပေါ့နော်။ အဲဒါအရမ်းလှပပေမယ့် ဈေးကွက်မဝင်နိုင်ကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ စက်နဲ့လုပ်တဲ့ဟာတွေ တဖြည်းဖြည်းနဲ့ မြင့်တက်လာတော့ လက်နဲ့လုပ်တဲ့ဟာတွေ တဖြည်းဖြည်းနဲ့ပျောက်သွားတယ်။ ဒီပွဲကြောင့် လက်မှုလုပ်ငန်းလုပ်ကိုင်နေသူတွေ ဈေးကွက်ဝင်ရောက်နိုင်ဖို့နဲ့ လုပ်ငန်းရှင်တွေနဲ့ ဟိုတယ်တွေဘက် ကလည်း လက်မှုပစ္စည်းတွေ မှာစရာ နေရာတခုခုရသွားအောင်လုပ်ဆောင်ရတာဖြစ်တယ်လို့ပြောပါတယ်။

ကယားပြည်နယ်က ဌာနေတိုင်းရင်းသားတွေရဲ့ လက်မှုထုတ်လုပ်နေတဲ့ နေရာအဖွဲ့အစည်း ၁၅ ခုလောက်ရှိရှိပြီး အဓိကအားဖြင့် ရိုးရာဝတ်စုံတွေ၊ ဝါးနဲ့ပြုလုပ်တဲ့ရိုးရာပစ္စည်းတွေနဲ့ အလှပစ္စည်းတွေ ပြုလုပ်ကြပါတယ်။ ဒီလိုဌာနေ တိုင်းရင်းသားတွေ လက်မှုလုပ်ငန်းတွေလုပ်ဆောင်နိုင်ကြပေမယ့် အရည်အသွေးမီထုတ်လုပ်နိုင်ဖို့ စိန်ခေါ်မှုတွေရှိနေသေး တယ်လို့ ဒီပွဲကို ဦးစီးကျင်းပတဲ့ နိုင်ငံတကာကုန်သွယ်မှုဗဟို (ITC) စီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်ဝင်းနီကပြောပါတယ်။ ကျမတို့ ကယားအတွက်ပဲ မဟုတ်ဘူးပေါ့နော်။ ဖြစ်နိုင်လို့ရှိရင်လည်း တခြားဒေသတွေကို ရောင်းနိုင်အောင်၊ နိုင်ငံတကာဈေးကွက် တွေကိုလည်းရောင်းနိုင်အောင် အဲလိုမျိုးသွားဖို့တော့ မျှော်လင့်ပေမယ့်တခုရှိတာက ကျမတို့လုပ်နိုင်တဲ့အနေအထား အရမ်း ကန့်သတ်ချက်များတယ်ပေါ့။ ဘာလို့လဲဆိုတာ့ ကိုယ့်ရဲ့အရည်အသွေးကောင်းအောင် လုပ်ပေးဖို့လိုသလို တဖက် က ဈေးကွက်ကလည်း ချိန်ဖို့ အဲဒါကအရမ်းကြာတယ်။

အလားတူဈေးရောင်းပွဲတော် ကျင်းပလာတာ ၄ ကြိမ်ရှိပြီဖြစ်ပေမယ့် လူသိ နည်းနေသေးကြောင်းနဲ့ ရိုးရာပစ္စည်း ဈေးရောင်းပွဲတွေ ထပ်လုပ်ပေးဖို့လိုအပ်ကြောင်းလည်းပြောပါတယ်။ လက်ရှိကျင်းပတဲ့ ဈေးရောင်းပွဲကို ကယားပြည်နယ်

လွှတ်တော်ရဲ့ အကူအညီနဲ့ နိုင်ငံတကာကုန်သွယ်မှုဗဟို (ITC) နဲ့ ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းပြီး ကျင်းပတာလည်းဖြစ်ပါတယ်။ ဒီပွဲတော်မှာ ကယားဌာနေတိုင်းရင်းသားတွေရဲ့ ရိုးရာအဝတ်အထည်တွေ၊ အသုံးအဆောင်ပစ္စည်းတွေအပြင် ကယားဒေသထွက် အစားအသောက်တွေလည်း ရောင်းချပေးနေပါတယ်။

**Source:** DVB

https://news.ydnp.net/309675/

## မြန်မာ့ကြက်သွန်ဝယ်ယူမှု ဘင်္ဂလားဒေ့ရှ်ရပ်ဆိုင်း

ပြီးခဲ့တဲ့ရက်ပိုင်းမှစတင်ပြီး ဘင်္ဂလာဒေ့ရှ်နိုင်ငံက မြန်မာ့ကြက်သွန်ဝယ်ယူမှုတွေကို ရပ်ဆိုင်းထားတယ်လို့ မန္တလေးတိုင်းဒေသကြီး စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းက သိရပါတယ်။ မြန်မာ့ကြက်သွန်ကို အောက်တိုဘာကနေစတင်ပြီးဝယ်ယူနေခဲ့တာပါ။ ဘင်္ဂလားဒေ့ရှ်ဝယ်ယူမှုကြောင့်မြန်မာ့ကြက်သွန်ဈေးကလည်း တစ်ပိဿာ ၃၀၀၀ ကျပ်ထိဈေးမြင့်တက်ခဲ့ပါတယ်လို့ မန္တလေးတိုင်းဒေသကြီး စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်ကပြောပါတယ်။ သူက ဈေးကတော့ ဘင်္ဂလားဒေ့ရှ်က ဆွဲလို့တက်သွားတာပေါ့။ နောက်ဆုံး အရောင်းအဝယ်ဖြစ်သွားတာက မန္တလေးမှာ တစ်ပိဿာကို ၃၀၀၀ နဲ့အရောင်းအဝယ်ဖြစ်သွားတယ်။ လောလာဆယ်တော့ အဝယ်ရပ်သွားတယ်။ ရပ်တာကတော့ နှစ်ရက်သုံးရက်ပဲရှိသေးတယ်။ တစ်ခုခုကြောင့်နေမှာပါ။ ဝယ်လက်စတွေကိုပဲသိမ်းနေတယ်။ ဆက်မဝယ်သေးဘူးပေါ့လို့ ဦးဝင်းမြင့်ကပြောပါတယ်။

မန္တလေးကြက်သွန်နီဈေးကွက်အတွင်းမှာ ကြက်သွန်ဈေးတွေဟာ တစ်ပိဿာ ၇၀၀ ကျပ်မှ ၈၀၀ ကျပ်ကြားရှိခဲ့တာပါ။ သို့သော် တဖြည်းဖြည်းဈေးနှုန်းများမြင့်တက်လာခဲ့ပြီး ဘင်္ဂလားဒေ့ရှ်ကဝယ်ယူချိန်မှာတော့ ကျပ် ၃၀၀၀ ကနေ ၃၂၀၀ ထိဈေးဖြစ်ခဲ့ပါတယ်။ သို့သော်လည်းလက်ရှိအချိန်မှာတော့ တစ်ပိဿာ ၃၀၀၀ ကျပ်နှုန်းနဲ့သာရောင်းချနေတယ်လို့ ဦးဘသန်း ကြက်သွန်ပွဲရုံက ဒေါ်သီကပြောပါတယ်။ ဒေါ်သီက ရပ်တယ်လို့ပြောပေမယ့် သူတို့ကျုံထားတဲ့ ဟာတွေကိုဆက်ပြီး သိမ်းနေကြတုန်းပါ။ အဟောင်းကုန်သွားရင်အသစ်တွေပါထပ်ဝယ်မယ်လို့တော့ ကြားတယ်။ အဟောင်းကဟိုဘက်မှာ အပင်တွေထွက်လို့ပျက်လို့ရပ်တာမျိုးပဲဖြစ်မှာပါ။ အသစ်ကြရင် သူတို့ဝယ်မယ်လို့ကြားပါတယ်လို့ ဒေါ်သီကဆိုပါတယ်။

ပြည်တွင်း ကြက်သွန်နီကို ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်အတူ တရုတ်နိုင်ငံကလည်းဝယ်ယူပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံဘက်မှ အောက်တိုဘာလကုန်မှစပြီး ဝယ်ယူမှုတွေရပ်တန့်ထားပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကြက်သွန်ကို တရုတ်နိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေကိုအဓိကတင်ပို့နေတာပါ။ ရံဖန်ရံခါမှာ ထိုင်းနိုင်ငံကိုလည်းတင်ပို့တယ်လို့ မြန်မာကုန်သွယ်မှုမြင့်တင်ရေးအဖွဲ့၊ ပြည်တွင်းကုန်သွယ်မှုဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမျိုးသူကပြောပါတယ်။

ဦးမျိုးသူက ခဏတစ်ဖြုတ်ရပ်တာမျိုးတော့ရှိမယ်။ ဥပမာ ဂိုေဒါင်တွေကျပ်သွားလို့လို့၊ ဟိုဘက်ကိုတင်တဲ့ သင်္ဘောအဆင်မပြေသေးလို့ ခဏတစ်ဖြုတ်ရပ်တာမျိုးတွေရှိတယ်လို့ဆိုပါတယ်။ ကြက်သွန်ဈေးနှုန်းတွေဟာ ၂၀၁၅ ခုနှစ်မှ တစ်ပိဿာ ၃၅၀၀ ထိရောက်ရှိခဲ့ဖူးပါတယ်။ မြန်မာ့ကြက်သွန်ဟာ ပြည်ပနိုင်ငံများကို တစ်နှစ်မှာ တန်ချိန် ၃၀၀၀၀ ကနေ ၅၀၀၀၀ ကြားတင်ပို့နေတယ်လို့ မြန်မာ့ကုန်သွယ်မှုမြင့်တက်ရေးအဖွဲ့က သိရပါတယ်။

**Source:** https://www.kumudranews.com/news-35977

## စပါးတန်ချိန် ၂ သိန်းကနေ ၅ သိန်းကြား ပြည်ပတင်ပို့ခွင့်ပြုမယ်

မြန်မာနိုင်ငံကနေ ပြည်ပကို စပါးတင်ပို့ခွင့်ကို တန်ချိန် ၂ သိန်းကနေ ၅ သိန်းကြားအထိ တင်ပို့ခွင့်ပြုဖို့ရှိပြီးတော့ စပါးတင်ပို့လိုတဲ့ ကုမ္ပဏီတွေအနေနဲ့ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို လျှောက်ထားနိုင်တယ်လို့ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ဘီဘီစီကိုပြောပါတယ်။

စပါးတင်ပို့ခွင့်ကို လာလျှောက်တဲ့ကုမ္ပဏီတွေရှိတယ်၊ စိစစ်ပြီး ဦးဆောင်အဖွဲ့ကိုတင်ပြပြီးတော့ ခွင့်ပြုပေးသွားမှာပါလို့လည်း သူကပြောပါတယ်။ တင်ပြလျှောက်ထားတဲ့အခါမှာ နစ်ဘက်ကုန်သည်တွေချိတ်ဆက်ထားတာတွေ တင်ပြဖို့ လိုမယ်၊ အဲဒီ

တင်ပြမှုပေါ်မှာ မူတည်ပြီးခွင့်ပြုပေးသွားမယ်လို့လည်း ဦးခင်မောင်လွင်က ရှင်းပြပါတယ်။ အရင်ကတော့ မြန်မာစပါးကို တရုတ်နိုင်ငံကို အဓိကတင်ပို့ခဲ့တာဖြစ်ပြီးတော့ ၂၀၁၈ ခုနှစ် အတွင်းကစပြီး စပါးကို နယ်စပ်ကနေတင်ပို့တာကို ပြည်တွင်းက ဆန်စက်လုပ်ငန်းရှင်တချို့ ကန့်ကွက်လို့ အစိုးရကတားမြစ်ခဲ့တာဖြစ်ပါတယ်။

အခု ခွင့်ပြုတဲ့သဘောကတော့ ပို့ကုန်သွင်းကုန်သဘောဖြစ်လို့ ကုမ္ပဏီအနေနဲ့ပဲ လျှောက်ရမှာဖြစ်တယ်လို့လည်း ဦးခင်မောင်လွင်က ရှင်းပြပါတယ်။ ကုမ္ပဏီထောင်တာကလည်း အခုက သိပ်ခက်ခဲတဲ့ ကိစ္စမဟုတ်တော့ဘူး။ သတ်မှတ်ချက် ပြည့်စုံရင် ခွင့်ပြုပေးနေတာပဲလို့သူက ပြောပါတယ်။ အရင်တုန်းက တရုတ်ကုန်သည်တွေက မြန်မာနိုင်ငံထဲအထိ ကိုယ်တိုင် လာဝယ်တာ ဖြစ်ပြီးတော့ မူဆယ်၊မန္တလေးတို့ကနေ ကော်မရှင်စားတွေ လွှတ်ပြီးဝယ်တာလို့လည်း သာယာဝတီက လယ်သမားတစ်ဦးဖြစ်တဲ့ ဦးဝင်းဇော်ဦးက ပြောပါတယ်။ အဲဒီတုန်းကတော့ ကိုယ်စားလှယ်၊စက်ပိုင်၊အဝယ်ဒိုင် တစ်ဆင့် လာဝယ်ကြတော့ စပါးတင်းတစ်ရာကို ၇ သိန်းလောက်အထိတော့ ဈေးရခဲ့တယ်လို့လည်း လယ်သမားကြီး ဦးဝင်းဇော်ဦးက ပြောပါတယ်။ ပြည်တွင်း စပါးဈေး အလွန်မင်းကျဆင်းတာကို ဖြေရှင်းနိုင်ဖို့အတွက် အစိုးရအနေနဲ့ ဧရာဝတီ၊ ပဲခူးနဲ့ရန်ကုန် တိုင်းတို့မှာ ကျပ်ငွေ ၁၃ဘီလျံ သုံးပြီး အခြေခံ စပါးပေါက်ဈေးအတိုင်း ဝယ်ယူသွားဖို့ရှိတယ်လို့ ဦးခင်မောင်လွင်က ဘီဘီစီကို ပြောပါတယ်။

ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေက တင်ပြလာရင် ဝယ်ယူပေးဖို့ စီစဉ်နေတာပါ။ ဧရာဝတီတိုင်းကိုတော့ ၆ ဘီလျံသုံးဖို့ရှိတယ်။ ပဲခူးကတော့ ၅ဘီလျံသုံးမယ် ရန်ကုန် က တော့ ၂ ဘီလျံပါ။ တင်ဒါခေါ်ပြီး ဝယ်မှာပါ။ ဒီရက်ပိုင်းတွင်း ခေါ်မှာပါလို့ ဦးခင်မောင်လွင်ကပြောပါတယ်။ အခြေခံဈေးနှုန်းအဖြစ် ၄၆ ပေါင်ကိုက် စပါးတင်းတစ်ရာကို ကျပ် ၅သိန်းနှုန်းအဖြစ် သတ်မှတ်ထားပေမယ့် ပဲခူးတိုင်း၊ ဧရာဝတီတိုင်း အပါအဝင် နေရာအတော်များများမှာ ပေါင် ၅၀ ကိုက် စပါးတင်းတစ်ရာကို ကျပ် ၄သိန်းဝန်းကျင်နဲ့သာ အရောင်းအဝယ်ဖြစ်နေတယ်လို့ တောင်သူလယ်သမားတွေထံက သိရပါ တယ်။ အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိပြီး အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲ၊ ကင်းစင်ကာ အရောင်အသွေး သတ်မှတ်ချက် နဲ့ကိုက်ညီတဲ့ ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ကို ကျပ် ၅ သိန်း နဲ့ဝယ်ဖို့ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့က အောက်တိုဘာ ၁၅ ရက်က သတင်းထုတ်ပြန်ထားပါတယ်။

ဒုတိယသမ္မတ ၂ ဦးဆောင်တဲ့ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ဟာ စပါးတန်ချိန် နှစ်သိန်းလောက်အထိကို ပြည်ပတင်ပို့ခွင့်ကို အခုနှစ်ကုန်မတိုင်မီ ခွင့်ပြုပေးဖို့ ရှိနေ ပါတယ်။ အစိုးရကလည်း စပါးဝယ်ဖို့ရှိသလို စပါးကိုပြည်ပတင်ပို့ခွင့်လည်း ကာလတစ်ခုသတ်မှတ် ခွင့်ပြုတာကြောင့် ပြည်တွင်းစပါးဈေး တက်လာဖို့ရှိတယ်လို့လည်း ပဲခူးအနောက်ခြမ်းက လယ်သမားတွေကပြောပါတယ်။ စပါးကို နိုင်ငံခြားပို့ရင် အရင်ကလယ်သမားက ဈေးတိုက်ရိုက်ရပေမယ့် အခုဟာက ကြားထဲမှာကုန်သည်ရယ် မြန်မာ ကုမ္ပဏီရယ်နှစ်ဆင့်ခံပြီးမှ ရောက်မယ့်သဘောဖြစ်တယ်။ ဈေးကတော့ မနှစ်ကလောက်တော့ ရမယ်မထင်ဘူး။ စပါးဈေးတော့ တက်မှာပါလို့ သာယာဝတီက လယ်သမားကြီးဦးဝင်းဇော်ဦးကပြောပါတယ်။

**Source: BBC Burmese**

https://www.bbc.com http://www.thithtoolwin.com/2019/11/blog-post_114.html



## အရည်အသွေးပိုင်းဆိုင်ရာ ကွာဟမှုရှိနေသောကြောင့် ပြည်တွင်းစပျစ် ဈေးနှုန်းရရှိမှုနည်းပါး

လတ်တလောတွင် စပျစ်စိုက်ပျိုးချိန် ကြားကာလဖြစ်၍ စပျစ်အထွက်နည်းကာ ဈေးနှုန်းမြင့်တက်လာသော်လည်း ပြည်ပမှဝင်ရောက်လာသည့် စပျစ်သီးများနှင့် အရည်အသွေး ပိုင်းဆိုင်ရာ ကွာဟမှုများရှိနေသောကြောင့် ဈေးနှုန်းရရှိမှု

နည်းပါးနေကြောင်း ရမည်းသင်းမြို့နယ်မှ ပုလဲစပျစ်စိုက်ပျိုးရေး ခြံပိုင်ရှင် ဦးလှိုင်ထွန်း၏ ပြောပြချက်အရသိရသည်။ လက်ရှိတွင် စပျစ်ပင်ကိုင်းဖြတ် ပြင်ဆင်နေချိန်ဖြစ်သောကြောင့် အထွက် နည်းနေခြင်း ဖြစ်ပြီး တောင်ကိုရီးယား၊ တရုတ်နှင့်ထိုင်းနိုင်ငံတို့မှ ဝင်ရောက်လာသည့် စပျစ်များမှာလည်း ဈေးနှုန်းမြင့်မားသော် လည်း ဈေးကွက်အတွင်း နေရာယူထားကြောင်းသိရသည်။ ပြည်တွင်းမှထွက်ရှိသည့် No.3 အမျိုး အစားစပျစ် တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ မှ ၂၀၀၀၊ BQ အမျိုးအစား တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဝန်းကျင်အထိ ဈေးနှုန်း ရရှိကာ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ ဝန်းကျင်အထိ ဈေးနှုန်းမြင့်တက်လာသော်လည်း ပြည်ပမှဝင်ရောက်သည့် စပျစ်များမှာ တစ်ပိဿာလျှင် ငွေကျပ်တစ်သောင်းမှ နှစ်သောင်းဝန်းကျင်အထိ ဈေးနှုန်းရရှိကြောင်းသိရသည်။ အခုက နောက်ထပ် စိုက်ပျိုးမယ့် စပျစ်ရာသီအတွက် ပြင်ဆင်နေတဲ့ကာလပါ။ အကူးအပြောင်းကာလဖြစ်တဲ့အတွက် အသီးအထွက်နှုန်း နည်းတယ်။ အထွက် နည်းတော့ ဈေးကအတက်ဘက်ကို ရောက်လာတယ်ဟု ဦးလှိုင်ထွန်းကပြောသည်။

စပျစ်ကိုင်းပြင် ရာသီချိန်မှာ အောက်တိုဘာလမှ ဒီဇင်ဘာလဆန်းပိုင်းအထိဖြစ်ပြီး မတ်လအတွင်း စပျစ်ထွက်ရှိမည် ဖြစ်သည်။ ထို့ပြင် မေလအတွင်း ကိုင်းပြင်ထားသည့် အပင်များသည် ဩဂုတ်လမှ အောက်တိုဘာလအထိ အသီးထွက် ရှိမည်ဖြစ်ပြီး လတ်တလောတွင် အထွက်နည်းနေကြောင်း သိရသည်။ ရမည်းသင်းမြို့နယ်မှ စပျစ်ပေါ်များစွာထွက်ရှိချိန်တွင် တစ်ရက်လျှင် ပိဿာချိန်နှစ်သောင်းဝန်းကျင်ရရှိသော်လည်း လတ်တလောတွင် တစ်ရက်လျှင် ပိဿာချိန်နှစ်ထောင် ဝန်းကျင်သာထွက်ရှိကြောင်းသိရသည်။ ရမည်းသင်းမြို့နယ်မှထွက်ရှိသည့် စပျစ်ကို ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာ၊ ပခုက္ကူ၊ မြင်းခြံ၊ မကွေးနှင့်တောင်ကြီးစသည့်မြို့တို့သို့ တင်ပို့လျက်ရှိကြောင်းသိရသည်။

**Source: Myawady**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2500-due-to-the-quality-gap,-there-is-little-access-to-local-grapes.html

## အစေ့ထုတ်ပြောင်းဈေးနှုန်း တည်ငြိမ်နေ



ယခုလအတွင်း အစေ့ထုတ်ပြောင်းဈေးနှုန်းမှာ တည်ငြိမ်နေကြောင်း မြန်မာနိုင်ငံ ပြောင်းစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။ ပြည်ပနိုင်ငံကို အစေ့ထုတ်ပြောင်း တင်ပို့မှု ရပ်တန့်နေတဲ့အတွက် ပြည်တွင်းပြောင်းဈေးနှုန်းမှာ တည်ငြိမ်နေတာဖြစ်တယ်လို့ မြန်မာနိုင်ငံပြောင်းစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ ဥက္ကဋ္ဌဦးမင်းခိုင်ကပြောပါတယ်။ အစေ့ထုတ်ပြောင်းက ပြည်တွင်းပဲရောင်းအားရှိတယ်။

ပြည်ပ ဝယ်လိုအားမရှိသေးဘူး။ တရုတ်ကိုလည်း မတင်ပို့နိုင်သေးဘူး။ ထိုင်းကိုလည်း မတင်ပို့နိုင်သေးဘူး။ အဲဒီအတွက် ပြည်တွင်းအစေ့ထုတ်ပြောင်းဈေးနှုန်းက အေးနေတယ်။ အစေ့ထုတ်ပြောင်းကို တရုတ်နိုင်ငံကို အဓိကထားတင်ပို့သော်လည်း တင်ပို့မှုမှာ အခုလက်ရှိအချိန်ထိ ရပ်တန့်နေပြီး ထိုင်းနိုင်ငံကို တင်ပို့မှုမှာလည်း အခုလအတွင်း ရပ်ဆိုင်းထားတာဖြစ်တယ်လို့ အဆိုပါအသင်းမှ သိရပါတယ်။ ပြည်တွင်းအစေ့ထုတ်ပြောင်းဈေးနှုန်းမှာ အခုလအတွင်း အစေ့ထုတ်ပြောင်းတစ်ပိဿာကို ကျပ် ၅၀၀ ဝန်းကျင်နဲ့ ဈေးနှုန်းတည်ငြိမ်နေကြောင်း မြန်မာနိုင်ငံပြောင်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရ ပါတယ်။

**Source:** https://greenwaymyanmar.com/posts/stable_price_of_corn

## မြန်မာ့ထုတ်ကုန်အမျိုးအစား ၃၀ ခန့်ကို ထိုင်းဈေးကွက်ဖြန့်ချိသူများနှင့် ချိတ်ဆက်ပေးမည်

ထိုင်းနိုင်ငံ Siam Commercial Bank နှင့် ပူးပေါင်းပြီး အသေးစား၊ အသေးစားနှင့် အလတ်စား (MSME) ထုတ်ကုန်များကို အိတ်စ်ပို့ဈေးကွက်ရရှိရေးအတွက် မြန်မာနိုင်ငံမှ ထုတ်ကုန်အမျိုးအစား ၃၀ ခန့်ကို ထိုင်းနိုင်ငံမှ ဖြန့်ချိသူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနထံမှ သိရသည်။ ထိုင်းနိုင်ငံမှ FDA ရရှိရန် ဆောင်ရွက်ပေးခြင်း၊ အိတ်စ်ပို့ဈေးကွက်တင်ပို့မှုလုပ်ငန်းစဉ်တစ်လျှောက် လိုအပ်သည့် သင်တန်းများပို့ချခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ်တွင် စားသောက်ကုန်၊ လူသုံးကုန်နှင့် အဝတ်အထည် ကဏ္ဍများရှိ ထုတ်ကုန်အမျိုးအစား ၂၀ မှ ၃၀ ခန့်ကို ထိုင်းနိုင်ငံဈေးကွက်နှင့် ချိတ်ဆက်နိုင်ရေးအတွက် ပံ့ပိုးမှုများကို Siam Commercial Bank က ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ယင်းဌာနထံမှ သိရသည်။

Business Plan ဆိုင်ရာ သိကောင်းစရာများ၊ Financial Management ဆိုင်ရာ သိကောင်းစရာများ၊ အခွန်ပေးသွင်းမှုဆိုင်ရာ သိကောင်းစရာများ၊ ထိုင်း FDA ရယူမှုဆိုင်ရာ သိကောင်းစရာများ၊ Digital (e-market) ဆိုင်ရာ သိကောင်းစရာများ၊ Packaging & Branding ဆိုင်ရာ သိကောင်းစရာများကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ နောက်ဆုံး အပတ်တွင် MSME လုပ်ငန်းများကို ရန်ကုန်မြို့တွင် သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနထံမှ သိရသည်။ ရွေးချယ်ခံရသည့် လုပ်ငန်းများကို ထိုင်းနိုင်ငံသို့ခေါ်ဆောင်၍ သင်တန်းပို့ချခြင်းနှင့် ထုတ်ကုန်များကို ထိုင်း Distributor များနှင့် ဈေးကွက်ချိတ်ဆက်ပေးခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ပြီး စိတ်ပါဝင် စားသည့် လုပ်ငန်းရှင်များအနေဖြင့် နိုဝင်ဘာလ ၂၀ ရက်နေ့ နောက်ဆုံးထား၍ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနများသို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း ယင်းဌာနထံမှ သိရသည်။

ပါဝင်လျှောက်ထားသည့်လုပ်ငန်းများသည် စားသောက်ကုန်၊ လူသုံးကုန်နှင့် အဝတ်အထည်ကဏ္ဍမှ MSME များနှင့် Manufacturing Sector မှ စက်မှုလုပ်ငန်းများဖြစ်ရမည်ဖြစ်ပြီး အော်ဂဲနစ်ထုတ်ကုန်များ အဓိက ဖြစ်ရန်လိုအပ်သည်။ လက်ရှိတွင်လည်း ကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေရမည်ဖြစ်ပြီး ပိုင်ရှင်ကိုယ်တိုင်ပါဝင်၍ သင်တန်းတက်ရမည်ဖြစ်ကာ ထိုင်းနိုင်ငံသို့ ထုတ်ကုန်နှင့်အတူ ကိုယ်တိုင်လိုက်ပါရမည်ဖြစ်ကြောင်း၊ ပြည်တွင်းဈေးကွက် ခိုင်မာစွာ ရောင်းချနေသည့် လုပ်ငန်းဖြစ်ရန် လိုအပ်ကြောင်း၊ ထုတ်ကုန်၏ အရည်အသွေးနှင့် ထုပ်ပိုးမှုကောင်းမွန်ရမည်ဖြစ်ပြီး Distributor နှင့် ချိတ်ဆက်ရရှိပါက ဝယ်လိုအားကိုပြည့်မီစေသည့် Mass Production ထုတ်လုပ်နိုင်သူဖြစ်ရမည်ဖြစ်ကြောင်း စက်မှုကြီးကြပ် ရေးနှင့် စစ်ဆေးရေးဦးစီးဌာနထံမှသိရသည်။

**Source: The Voice**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2498-about-30-myanmar-products-will-be-linked-to-thai-distributors.html

## ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းလေးခုအနက် ရတနာစီမံကိန်းနှင့် ရဲတံခွန် သဘာဝဓာတ်ငွေ့စီမံကိန်းတို့၏ ထုတ်လုပ်မှုနှုန်းသည် အကျဘက်သို့ဦးတည်နေပြီး လာမည့်နှစ်များတွင် စီမံကိန်းကာလ ပြီးဆုံးမည့်အခြေအနေ ရောက်ရှိတော့မည်ဟုသိရ

မြန်မာ့ကမ်းလွန်ရှိ ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းလေးခုအနက် ၁၉၉၆ ခုနှစ်မှ ထုတ်လုပ်မှုစတင်ခဲ့သည့် ရတနာ သဘာဝဓာတ်ငွေ့စီမံကိန်းနှင့် ၁၉၉၀ ခုနှစ်တွင် ထုတ်လုပ်မှုစတင်ခဲ့သည့် ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်းတို့၏ ထုတ်လုပ်မှုနှုန်းသည် အကျဘက်သို့ ဦးတည်နေပြီး နောင်လာမည့်နှစ်များတွင် စီမံကိန်းကာလ ပြီးဆုံးမည့်အခြေအနေသို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေစာရင်းအရ သိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းလေးခုမှ ဝင်ငွေအဓိကရရှိနေသော ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်း လေးခုမှထုတ်လုပ်မည့် ကုဗပေသန်းပေါင်းပမာဏ ၆၂၉၀၀၀ ကျော်၊ ကုန်းတွင်းရေနံမြေများမှ ထုတ်လုပ်မည့်ပမာဏ

ကုဗပေသန်းပေါင်း ၁၇၃၀၀ ကျော်ဖြင့် စုစုပေါင်းထုတ်လုပ်မှုပမာဏ ကုဗပေသန်းပေါင်း ၆၄၇၀၀၀ ထုတ်လုပ်ရန် ခန့်မှန်းထားကြောင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေစာရင်းအရသိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၏ မူလခန့် မှန်းခြေစာရင်းနှင့် နှိုင်းယှဉ်ပါက ထုတ်လုပ်မှု ပမာဏ ကုဗပေသန်းပေါင်း ၂၅၀၀၀ ကျော် လျော့နည်းနေကြောင်းသိရသည်။ ထုတ်လုပ်မှုပမာဏလျော့နည်းရခြင်းမှာ ရဲတံခွန်စီမံကိန်းအနေဖြင့် Post Plateau Period သို့ ရောက်ရှိချိန်ဖြစ်သောကြောင့် အဆင့်ဆင့်ထုတ်လုပ်မှုကျဆင်းခြင်း၊ ကုန်းတွင်း သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ကျဆင်းရခြင်းမှာ သဘာဝဓာတ်ငွေ့သုံးစွဲမှု သက်တမ်း ကြာမြင့်လာခြင်းတို့ကြောင့်ဖြစ်သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အတွင်း ကမ်းလွန်သဘာဝဓာတ်ငွေ့ဈေးနှုန်းများမှာ ရတနာ၊ ရဲတံခွန်နှင့် ဇောတိကစီမံကိန်းတို့တွင် 1MMBTU လျှင် ဒေါ်လာ ၈ ဒသမ ၈၈၁၄ နှုန်း၊ ရွှေစီမံကိန်းတွင် 1MMBTU လျှင် ဒေါ်လာ ၇ ဒသမ ၃၉၄၉ နှုန်း၊ ရဲတံခွန်၏ရေနံစိမ်းနှင့် လေဆီဈေးနှုန်းကို တစ်စည်လျှင် ဒေါ်လာ ၆၅ နှုန်းတို့ဖြစ်ကြောင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စု အစိုးရအဖွဲ့ကိုယ်စား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၏ ပြည်ထောင်စုလွှတ် တော်သို့ ရှင်းလင်းချက်တွင် ဖော်ပြထားသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာနမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် ကျပ် ၄၅၇ ဒသမ ၇၅၅ ဘီလျံရရှိမည်ဖြစ်ပြီး စီမံကိန်းများအတွက် လက်မှတ်ရေးထိုးခ Signature Bonus ကို ယခုနှစ်တွင် ထည့်သွင်းလျာထားနိုင်မှုမရှိကြောင်း၊ ကမ်းလွန်သဘာဝ ဓာတ်ငွေ့ ရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်းမှရရှိမည့် ကျပ် ၁၄၇၉ ဒသမ ၄၇၁ ဘီလျံ၊ ကုန်းတွင်းရေနံမြေမှရရှိမည့်ငွေကျပ် ၁၉၆ ဒသမ ၄၉၆ ဘီလျံ၊ရေနံနှင့်သဘာဝ ဓာတ်ငွေ့ပိုက်လိုင်းသယ်ယူပို့ဆောင်ခြင်းမှ ရရှိမည့်ငွေကျပ် ၂၅၅ ဒသမ ၂၆၀ ဘီလျံ ရရှိမည်ဟု ခန့်မှန်းထားကြောင်းသိရသည်။ ပြည်တွင်းသုံးအတွက် သဘာဝဓာတ်ငွေ့ဝယ်ယူခြင်းတွင် ရတနာစီမံကိန်းမှ ကျပ် ၅၅၆ ဒသမ ၂၃၁ ဘီလျံ၊ ရွှေစီမံကိန်းမှ ကျပ် ၄၁၆ ဒသမ ၃၂၇ ဘီလျံ၊ ဇောတိကစီမံကိန်းမှ ကျပ် ၃၁၈ ဒသမ ၁၁၆ ဘီလျံ၊ စုစုပေါင်း ကျပ် ၁၂၉၀ ဒသမ ၆၇၄ ဘီလျံ အသုံးစရိတ် အဖြစ် လျာထားပြီး အဆိုပါပြည်တွင်းသုံး များကို ရောင်းချခြင်းဖြင့် ရရှိမည့်ဝင်ငွေကို လည်း ကျပ် ၁၃၈၀ ဒသမ ၀၄၀ ဘီလျံခန့်မှန်း လျာထားကြောင်း ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်းက ပြောကြားသည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုတွင် တူးဖော်၊ ရှာဖွေနေဆဲ စီမံကိန်းသစ်များမှ စီးပွားဖြစ် ထုတ်လုပ်နိုင်မှုအချိန် နောက်ကျနေပါက လာမည့်နှစ်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့၏ ဝင်ငွေတဖြည်းဖြည်း လျော့နည်းလာမည်ဖြစ်ကြောင်း၊ ၁၉၉၆ ခုနှစ်တွင် ထုတ်လုပ်မှုစတင်ခဲ့သည့် ရတနာစီမံကိန်းနှင့် ၁၉၉၀ ပြည့်နှစ်တွင် ထုတ်လုပ်မှု စတင်ခဲ့သည့် ရဲတံခွန် စီမံကိန်းတို့၏ ထုတ်လုပ်မှုနှုန်းများသည် အကျဘက်သို့ တဖြည်းဖြည်းဦးတည်နေပြီး နောက်လာမည့် ၂၀၂၃ ခုနှစ်တွင် စီမံကိန်းကာလပြီးဆုံးမည့်အခြေအနေသို့ ရောက်ရှိတော့မည်ဖြစ်သောကြောင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၏ ကမ်းလွန် စီမံကိန်းသစ်များကို စီးပွားဖြစ်ထုတ်လုပ်နိုင်ရန် တွန်းအားပေးခြင်းနှင့် ထုတ်လုပ်မှုကျဆင်းနေသည့် စီမံကိန်းများ အတွက် ကျားကန်ပေးခြင်းဖြင့် ဝင်ငွေများလျော့နည်းမှုသက်သာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆိုသည်။

**Source:** Eleven Media Group https://news.ydnp.net/310114/

## နိုင်ငံလေးနိုင်ငံပါဝင်သည့် အာဆီယံသတင်းမီဒီယာကောင်စီဖွဲ့စည်းမည်

သတင်းသမားများ အကာအကွယ်ပိုမိုရရှိရန်အတွက် နိုင်ငံလေးနိုင်ငံပူးပေါင်းကာ အာဆီယံသတင်းမီဒီယာကောင်စီ ဖွဲ့စည်းမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီအတွင်းရေးမှူး ဦးကျော်စွာမင်းက နိုဝင်ဘာ ၁၉ ရက်တွင် ပြောသည်။ အခုက အာဆီယံသတင်းမီဒီယာကောင်စီ ဖွဲ့ဖို့ကြိုးစားနေတယ်။ အခုဖွဲ့စည်းပုံမူကြမ်းရေးပြီးသွားပြီ။ မြန်မာ၊ ထိုင်း၊

အင်ဒိုနီးရှားနဲ့တီမော လေးနိုင်ငံပေါင်းပြီးဖွဲ့မယ်။ ပြီးရင် ဒေသတွင်းမှာရှိတဲ့ သတင်းမီဒီယာလွတ်လပ်ခွင့်ကိုပိုပြီးရမယ်။ သတင်းသမားတွေအနေနဲ့လည်း ကျင့်ဝတ်ကိုပိုမိုလိုက်နာရမယ်။ အာဆီယံအတွင်းက သတင်းသမားတွေအတွက်လည်း အကာအကွယ်ပိုရလာမယ်ဟု ဦးကျော်စွာမင်းကပြောသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ခြောက်ဦးတို့ပါဝင်သောအဖွဲ့ နိုဝင်ဘာ ၁၇ ရက်က မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ရာ နိုဝင်ဘာ ၁၈ ရက်တွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် တွေ့ဆုံခဲ့ကြသည်။ ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ပုံနှိပ် မီဒီယာကျဆင်းလာနေမှုကို ပြန်လည်ဦးမော့လာစေရေး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကဦးဆောင်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ထိုင်းနိုင်ငံသတင်းမီဒီယာကောင်စီက ပူးပေါင်းကူညီရမည့်အစီအစဉ်များ၊ နှစ်နိုင်ငံသတင်းမီဒီယာကောင်စီအကြား ချုပ်ဆိုထားသော နားလည်မှုစာချွန်လွှာပါအချက်များ အကောင်အထည်ဖော်နိုင်မှုနှင့် အာဆီယံသတင်းမီဒီယာကောင်စီ ပေါ်ပေါက်လာရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**Source: The Myanmar Times**

https://www.facebook.com/dootcheck.aleksander?

## e-payment ငွေပေးချေမှုစနစ်သစ်ကို ကျင့်သုံးရန် ထိုင်းအစိုးရကစဉ်းစားနေ

အစိုးရအနေဖြင့် အခွန်စနစ်သစ်တွင် ကုန်သည်အများအပြား ပါဝင်ဆောင်ရွက် လာစေရန် အလီပေး (Alipay) ကဲ့သို့သော တရုတ်နိုင်ငံ e-Commerce ကုမ္ပဏီကြီး အလီဘာဘာအုပ်စု၏ တတိယပါတီ မိုဘိုင်းနှင့် အွန်လိုင်း ငွေပေးချေမှုပလက်ဖေါင်းစနစ်နှင့် ဆင်တူသည့် e-payment ငွေပေးချေမှု စနစ်သစ်တစ်ခုကို ဖွံ့ဖြိုးတိုးတက်စေရန် စီစဉ်လျှက်ရှိပါသည်။ အဆိုပါ e-payment စနစ်သစ်မှာ ၂၀၂၂ ခုနှစ်တွင် အစိုးရဌာနအားလုံး ဒီဂျစ်တယ် စနစ်ကိုအပြည့်အဝ ဆောင်ရွက်သွားရန်ဆိုသည့် အစိုးရ၏ ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးလမ်းပြမြေပုံနှင့်လည်း ကိုက်ညီကြောင်း ဒုတိယဝန်ကြီးချုပ် ဆုန်ကစ်က ပြောကြားခဲ့ပါသည်။ ၎င်းစနစ်သစ်အား ဒီဂျစ်တယ်အစိုးရဖွံ့ဖြိုးတိုးတက်ရေးဌာန Digital Government Development Agency (DGA) မှကိုင်တွယ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ DGA အား ဒီဂျစ်တယ် အစိုးရအဖြစ်အသွင် ကူးပြောင်းနိုင်ရေးအတွက် အစိုးရဌာနများကို ကူညီရန်နှင့် ဝန်ဆောင်မှုများပေးအပ်နိုင်ရန် ၂၀၁၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ DGA အနေဖြင့် အစိုးရဌာနအသီးသီး၏ အများပြည်သူ ဝန်ဆောင်မှု ဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူများအားကူညီပေးရန်နှင့် သတင်းအချက်အလက်ဗဟိုအဖြစ် ဆောင်ရွက်ပေးနိုင်ရန် www.egov.go.th ပေါ်တယ်အား လွန်ခဲ့သောနှစ်နည်းငယ်ခန့်ကပင် စတင်မိတ်ဆက်လွှင့်တင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

ယခုနှစ် အစောပိုင်းတွင်လည်း CITIZEN info ဆော့ဝဲလ် app အားတီထွင်ခဲ့ပြီး တစ်နိုင်ငံလုံးရှိအစိုးရဌာနပေါင်း (၈၀၀၀) ခန့်၏ တည်နေရာအားရှာဖွေနေသူများအတွက် ဝန်ဆောင်မှုပေးရန်နှင့် အလားတူ ပြည်သူများအနေဖြင့် အစိုးရဌာနများနှင့် မတွေ့ဆုံမီ လိုအပ်သော စာရွက်စာတမ်းများ၊ သတင်းအချက်အလက်များနှင့်ပတ်သက်၍ အသိပေးနိုင်စေရန် ဆောင်ရွက်ပေးခဲ့ပါသည်။ မစ္စတာဆုန်ကစ်၏ ပြောကြားချက်အရ တီထွင်ဆန်းသစ်မှုများက အစိုးရဌာနများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မှာဖြစ်ကြောင်းနှင့် ထိုင်းနိုင်ငံ၏ ယှဉ်ပြိုင်စွမ်းအားကိုလည်း တိုးတက်စေမှာ ဖြစ်ကြောင်း သိရှိရပါသည်။ ၎င်းက အစိုးရဌာနများနှင့် အစိုးရပိုင် စီးပွားရေးလုပ်ငန်းများအား အစိုးရ၏ မူဝါဒစီမံကိန်းများနှင့် အစိုးရ၏လုပ်ငန်းများ တိုးတက်စေရေးအတွက် ၎င်းတို့၏ အချက်အလက်များအား ဖွင့်ဟအသိပေးပြောကြားကြရန် တိုက်တွန်းခဲ့ပါသည်။ လမ်းအသုံးပြုမှု၊ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများနှင့် အိမ်ထောင်စုအသုံးစရိတ် ကိစ္စရပ်များနှင့်ပတ်သက်၍ ခိုင်လုံပြီး အချိန်နှင့် တပြေးညီ ရရှိနိုင်သည့် သတင်းအချက်အလက်များနှင့် အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍတို့အား စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကုန်ကျစရိတ်လျှော့ချနိုင်ရေးအတွက် အသေးစိတ်လေ့လာဆန်းစစ်မှုများ ဆောင်ရွက်နိုင်ရေးတို့အတွက် အထောက်အကူပြုစေမှာဖြစ်ကြောင်း မစ္စတာဆုန်ကစ်က ပြောကြားခဲ့ပါသည်။ ဒုတိယဝန်ကြီးချုပ်က နောက်နှစ် အစောပိုင်း အထိ ပြည်တွင်းစားသုံးမှုနှင့် သုံးစွဲမှုကိုအားပေးမြှင့်တင်မည့် Taste-Shop-Spend အစီအစဉ်၏ တတိယအပိုင်း အပေါ်တွင်လည်း ယုံကြည်မှုအပြည့်အဝရှိကြောင်းပြောကြားခဲ့ပါသည်။ အစိုးရအနေဖြင့် ပြည်တွင်းစားသုံးမှုများဆက်လက် တိုးတက်

လာလိမ့်မည်ဟု မျှော်လင့်ထားကြောင်း၊ စာရင်းဇယားများအရ စက်တင်ဘာလတွင် ပြန်လည်တိုးတက်လာသည်ဟု မစ္စတာ ဆုန်ကစ်က ပြောကြားခဲ့ပါသည်။ အစိုးရအနေဖြင့် တတိယအဆင့် ဆောင်ရွက်မှုပြီးစီးပါက ကုန်သည်များအနေဖြင့် ယခု e-payment အစီအစဉ်သစ်တွင် ပိုမိုပါဝင်လာလိမ့်မည်ဟု မျှော်လင့်ရကြောင်းနှင့် ၎င်းတို့အား အခွန်စနစ်သစ်တွင် ပူးပေါင်းပါဝင်လာစေရန် အားပေးမြှင့်တင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်းနှင့် နောက်ဆုံးတွင် အစိုးရအတွက် ဝင်ငွေပိုမို တိုးတက်ရရှိလာမည်ဟု ခန့်မှန်းထားကြောင်းသိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ဗန်ကောက်**

## ဗီယက်နမ်ဟာ မြန်မာရဲ့ ၁၀ နိုင်ငံမြောက် ကုန်သွယ်ဖက်နိုင်ငံဖြစ်လာ



ဗီယက်နမ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ၁၀ နိုင်ငံမြောက် အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်လာပြီး မနှစ်ကဆို ကုန်သွယ်မှု ပမာဏက အမေရိကန်ဒေါ်လာ သန်း ၈၆၀ ရှိပါတယ်။ ဗီယက်နမ်က မြန်မာနိုင်ငံကို ကုန်စည် ဒေါ်လာသန်း ၇၀၀ ဖိုး တင်သွင်းခဲ့ပါတယ်။ ဒီနှစ် ပထမ ၉ လပိုင်းမှာ နှစ်နိုင်ငံကုန်သွယ်မှု ပမာဏက အမေရိကန် ဒေါ်လာ ၇၀၈ သန်းရှိပြီး ဗီယက်နမ်က သန်း ၅၃၀ ဖိုးတင်သွင်းတာမို့ ကုန်သွယ်ရေးကဏ္ဍမှာ ၈ ရာခိုင်နှုန်းခွဲ တက်လာတယ်လို့ဆိုပါတယ်။ သံ၊ သံမဏိ၊ အီလက်ထရွန်းနစ်၊ မော်တော်ဆိုက်ကယ်၊ စက်ဘီး၊ စားသောက်ကုန်၊ အိမ်သုံးလျှပ်စစ်ပစ္စည်း၊ ဆောက်လုပ်ရေး၊ အိုင်တီ-နည်းပညာနဲ့ ဆက်သွယ်ရေးလုပ်ငန်းတွေအတွက် မြန်မာနိုင်ငံဟာ ဗီယက်နမ်အတွက် အလားအလာကောင်းတဲ့ ဈေးကွက်ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်တဲ့ နိုင်ငံ ၅၀ မှာ ဗီယက်နမ်ဟာ ၇ နိုင်ငံမြောက် အများဆုံးရင်းနှီးမြှုပ်နှံပြီး စီမံချက် ၂၅ ခုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၆ ဘီလီယံဖိုးမြှုပ်နှံထားပါတယ်။ လုပ်ငန်းပုံစံမျိုးစုံနဲ့ ဗီယက်နမ်လုပ်ငန်း ၂၀၀ ကျော် မြန်မာနိုင်ငံမှာ လည်ပတ်နေပါတယ်။

**Source:** https://www.facebook.com/rfaburmese/?ref=page_internal

## အီဂျစ်မှ ဘင်္ဂလားဒေ့ရှ်သို့ ကြက်သွန်နီတန် ၆၀၀၀၀ တင်သွင်း



ဘင်္ဂလားဒေ့ရှ်မှာ ကြက်သွန်နီဈေးအဆမတန် မြင့်တက်သွားတာကြောင့် ဘင်္ဂလားဒေ့ရှ်အစိုးရက ကြက်သွန်နီဈေးကွက် လိုငွေပြမှုကိုဖုံးလွှမ်းရန် အီဂျစ်ပြည်မှ ကြက်သွန်နီတန် ၆၀၀၀၀ တင်သွင်းနေသည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Tipu Munshi ကပြောကြားခဲ့သည်။ ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေးကော်ပိုရေးရှင်း (TCB) ၏ အဆိုအရ ဒါကာဈေးကွက်၌ ကြက်သွန်နီဈေးနှုန်းများမှာ စံချိန်တင်ရလောက်အောင် ခုန်တက်သွားတာကြောင့် လေကြောင်းလိုင်းကတစ်ဆင့် အရေးပေါ်တင်သွင်းနေတယ်လို့ဆိုပါသည်။ မုတ်သုံမိုးကြောင့် သီးနှံအထွက်နည်းခဲ့ရာက အိမ်နီးချင်း အိန္ဒိယနိုင်ငံထွက်ကြက်သွန်တွေ ဘင်္ဂလားဒေ့ရှ်ထဲတင်သွင်းမှုကို စက်တင်ဘာလက စတင်တားမြစ်ခဲ့တာကြောင့် ဈေးတွေခုန်တက်သွားတာဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်ကုန်သွယ်ရေး

ကော်ပိုရေးရှင်း (TCB) ၏ အဆိုအရ ဒါကာစျေးကွက်၌ ကြက်သွန်နီ စျေးနှုန်းမြင့်တက်မှုနှုန်းမှာ လွန်ခဲ့သော နှစ်များအတွင်း အမြင့်ဆုံးဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ ယခုအခါမှာ မြန်မာ့ကြက်သွန်ဝယ်ယူမှုကိုပါ ဘင်္ဂလားဒေ့ရှ်က ရပ်ဆိုင်းထားတယ်လို့ သိရပါသည်။ မြန်မာ့ကြက်သွန်ကို ဘင်္ဂလားဒေ့ရှ်က အောက်တိုဘာလက စတင်ဝယ်ယူနေတာကြောင့် စျေးများအဆမတန်မြင့်ခဲ့ပါသည်။ တရုတ်နိုင်ငံက မြန်မာကြက်သွန်နီကို ယခင်က ဝယ်ယူခဲ့ပေမယ့် အောက်တိုဘာလကစ၍ ဝယ်ယူမှုကိုရပ်တန့်ခဲ့ပါသည်။ မြန်မာနိုင်ငံမှကြက်သွန်ကို တရုတ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်ကို အဓိကတင်ပို့နေပြီး ရုံဖန်ရုံခါ ထိုင်းနိုင်ငံကို တင်ပို့တယ်လို့သိရပါသည်။

**Source: Myantrade–TIR**

## STOCK EXCHANGE (20.11.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 20th Nov. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | -500 | -4.17% | 11,500 | 12,000 | 11,500 | 1,640 | 19,098,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,850 | +0 | +0.00% | 3,800 | 3,850 | 3,800 | 2,612 | 10,006,200 | 38,929,150 | 149,877 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 23,000 | +0 | +0.00% | 22,500 | 23,000 | 22,500 | 1,888 | 43,061,500 | 2,472,053 | 56,857 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 310 | 930,000 | 12,823,224 | 38,470 |

### Market summary

As of 20th Nov. 2019

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 469.82 | -9.90 | -2.06% | 468.40 | 477.39 | 468.40 | 6,450 | 73,096,200 | 5 | 643,329 |

**Index chart**



# Market Overview

As of 12:00 pm, 20th Nov. 2019

| MYANPIX | 468.91 ▼ 10.81 |
|---|---|
| Total Volume (shares) | 4,079 |
| Total Value (MMK) | 42 mil |
| Listed Company | 5 |
| Market Cap. (MMK) | 642,093 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▼ 500 |
| MTSH | 00002 | 3,850 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 22,500 | ▼ 500 |
| TMH | 00005 | 3,000 | ▲ 0 |

TIR